## သင့်ကလေးများအား ဘေးကင်းအောင် ကူညီပါ

- စကားပြောပါ။
- မေးခွန်း မေးပါ။
- နားထောင်ပါ။
- ၄င်းတို့၏ ကျောင်းနှင့် ၄င်းတို့၏ ဘဝတွင် ပါဝင်ပတ်သက်ပါ။
- ၄င်းတို့၏ သူငယ်ချင်းများကို သိပါစေ။
- အပြုအမူ၊ အဆင့် သို့မဟုတ် စိတ်ဝင်စားမှု ရုတ်တရက် ပြောင်းလဲခြင်းကို ဂရုပြုပါ။
- သင့်အနေဖြင့် အကူအညီလိုအပ်ပါက နယ်မြေ ဥပဒေဘက်တော်သားများ သို့မဟုတ် ကျောင်း တာဝန်ရှိသူများကို အကူအညီ ရယူရန် အတွက် ဆက်သွယ်ပါ။ သင့်ကလေးများအား လည်း ထိုနည်းတူ ဆက်သွယ် အကူအညီ တောင်းရန် တိုက်တွန်းအားပေးပါ။





ဘော်လင်း ဂရင်း ရဲဌာန

911 Kentucky Street

Bowling Green, KY 42101

တယ်လီဖုန်း 270-393-4244

www.bgky.org/police

ဘော်လင်း ဂရင်း မြို့ကျောင်းများ

တယ်လီဖုန်း 270-746-2200

www.b-g.kyschools.us

ဝါရန်း ကောင်တီ ကျောင်းများ

တယ်လီဖုန်း 270-781-5150

www.warren.kyschools.us

ဝါရန်း ကောင်တီ အကျိုးဆောင် ရှေ့နေရုံး

တယ်လီဖုန်း 270-782-2760

ခနသဟာယ အကျိုးဆောင် ရှေ့နေရုံး

တယ်လီဖုန်း 270-746-7485

ဗာရန်း ရေဗား ခရိုင် ကျန်းမာရေးဌာန

တယ်လီဖုန်း 270-781-2490 လိုင်းခွဲ 214

**အရေးပေါ်ကိစ္စများအတွက်၊ 911 ကို ဆက်ပါ**

© 1998-2009 ဘော်လင်း ဂရင်း မြို့ မူပိုင်ခွင့် အားလုံးကို ထိန်းသိမ်းထားသည်။

# သင့်ကလေးများကို ဘေးကင်းအောင် ထားခြင်း

## ဒုက္ခသည်နှင့် ရွှေ့ပြောင်းဝင်ရောက် အခြေချ နေထိုင်သူ မိဘများအတွက် ကန်တက်ကီ ဥပဒေများ လမ်းညွှန်

ဘော်လင်း ဂရင်း မြို့နှင့် ဝါရန်း ကောင်တီ ကျောင်းများ၊ ဝါရန်း ကောင်တီနှင့် ခနသဟာယ အကျိုးဆောင် ရှေ့နေရုံးများနှင့် ဗာရန်း ရေဗား ခရိုင် ကျန်းမာရေးဌာနတို့နှင့် ပူးပေါင်းလျက် ဘော်လင်း ဂရင်း ရဲဌာနက ထုတ်ဝေ ဖြန့်ချီသည်။

*ဒုက္ခသည်များအတွက် KY ရုံး၊ ဒုက္ခသည် ကျောင်း သက်ရောက်ထိခိုက်မှု ထောက်ပံ့ကြေး၊ ဒုက္ခသည် ပြန်လည်နေရာချထားရေးရုံးနှင့် HHS တို့က တစ်စိတ်တစ်ပိုင်း ငွေကြေးထောက်ပံ့သည်။*

(Burmese)

# ရွှေ့ပြောင်းဝင်ရောက် အခြေချ နေထိုင်သူ မိဘများအတွက် သတိပြု မှတ်သားစရာ

ဒုက္ခသည်နှင့် ရွှေ့ပြောင်းဝင်ရောက် အခြေချ နေထိုင်သော လူငယ်များသည် ၎င်းတို့ အနေဖြင့် နိုင်ငံတစ်ခုနှင့် ရပ်ရွာ တစ်ခုတွင် အသစ်ဖြစ်နေသောအခါ အန္တရာယ်များ စွာကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည်။ ထို အန္တရာယ်များအနက် အချို့မှာ နေရာသစ် တစ်ခုသို့ပြောင်းရွှေ့သည့်အခါ၊ မိတ်ဆွေသစ် ဖွဲ့သည့်အခါနှင့် ကျောင်းအသစ် တက်သည့်အခါ မည်သည့် ကလေးမဆို ကြုံတွေ့ရသည်တို့နှင့် အတူတူပင်ဖြစ်သည်။ သို့ရာတွင် ဒုက္ခသည်နှင့် ရွှေ့ပြောင်းဝင်ရောက် အခြေချ နေထိုင်သော ကလေးငယ်များအတွက် သီးခြား စိန်ခေါ်မှုများနှင့် ပြဿနာများ ရှိနေသည်။ ယဉ်ကျေးမှုနှင့် ဘာသာစကား အတားအဆီးများသည် ကလေးအား အထီးကျန်စေသည်၊ အိမ်ကိုလွမ်းစေသည်၊ ထီးတည်းဖြစ်စေပြီး အဖော်မရှိဖြစ်စေသည်။ ထိုသို့ခံစားရများက ကလေးများအား လွဲမှားသော နေရာများ၌ မကောင်းသော သူများထဲမှ အပေါင်းအသင်းကို လိုက်လံရှာဖွေစေသည်။ အကျိုးသက်ရောက်မှုအနေဖြင့် ၎င်းတို့သည် အခြား အန္တရာယ်များအနက် လူဆိုးဂိုဏ်း အဖွဲ့ဝင်သစ် စုဆောင်းခံရရန်၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာ အလွဲသုံးစားပြုရန်နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်စားသူများ လက်အောက် ကျရောက်ရန်လွယ်သည်။ မိဘတစ်ဦးအနေဖြင့် သင်သည် သင့်တာဝန်ဝတ္တရားများနှင့် ကန်တက်ကီ ပြည်နယ်တွင် သင့်ကလေးများကို ကာကွယ်ရန် ရေးဆွဲထားသည့် ဥပဒေများကို သိရှိရန် အရေးကြီးသည်။



## သင့်ကလေးများကို ကာကွယ်သည့် ကန်တက်ကီ ဥပဒေအချို့

မိဘတစ်ယောက် သို့မဟုတ် အုပ်ထိန်းသူတစ်ယောက်သည် ၎င်း၏ကလေးအား လျစ်လျူရှုခြင်းခံရသော၊ သူတစ်ပါးကို မှီခိုသော သို့မဟုတ် ဆိုးသွမ်းသော ကလေးတစ်ယောက် ဖြစ်လာခြင်းမှ ကာကွယ်ရန် စည်းစနစ်တကျဖြစ်သော စောင့်ရှောက်မှုပြုရမည်ဟု *‘အရွယ်မရောက်သေးသူ တစ်ယောက်၏ ကောင်းကျိုး ချမ်းသာကို ဘေးအန္တရာယ် ဖြစ်စေခြင်း’ ကန်တက်ကီ ဥပဒေ (KRS 530.060)*က ဖော်ပြထားသည်။

အရွယ်မရောက်သေးသူ တစ်ယောက်အား တရားမဝင် လိင်မှုကိစ္စ၊ ဆေးခြောက်အပါအဝင် ထိန်းချုပ်ထားသည့် တရားမဝင် ပစ္စည်းများတွင် ပါဝင်ပတ်သက်စေရန် တိုက်တွန်းခြင်း၊ ကူညီခြင်း သို့မဟုတ် ထိုသို့ဖြစ်စေခြင်း၊ အရွယ်မရောက်သေးသူ တစ်ယောက်အား အရက်သေစာ ပေးခြင်း၊ ထိုအရွယ်မရောက်သေးသူအား ရာဇဝတ်ပြစ်မှု မကင်းသော မည်သည့် လုပ်ဆောင်မှုတွင် မဆို ပါဝင်ရန်၊ ကျောင်းပြေးတစ်ယောက်ဖြစ်စေရန် သို့မဟုတ် ၎င်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူအား မနာခံရန် တိုက်တွန်း အားပေးခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်ဟု*‘အရွယ်မရောက်သေး သူ တစ်ယောက်နှင့် ဥပဒေနှင့် ဆန့်ကျင်သော ရောင်းဝယ်မှု’ ကန်တက်ကီ ဥပဒေ (KRS 530.064; 530.065; 530.070)*က ဖော်ပြထားသည်။

လူတစ်ဦးတစ်ယောက်သည် အခြားသူတစ်ဦးအား ရာဇဝတ် လူဆိုးဂိုဏ်း တစ်ခုတွင် ပါဝင်ရန် ဆွယ်ခြင်း သို့မဟုတ် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် အခြားသူတစ်ဦးအား ပါဝင်ရန် ငြင်းဆန်ခြင်း၊ ဂိုဏ်းမှနုတ် ထွက်ခြင်း အတွက် ခြိမ်းခြောက်ခြင်း သို့မဟုတ် လူဆိုးဂိုဏ်း၏ တောင်းဆိုမှုကို လိုက်လျောရန် ငြင်းဆိုခြင်းအတွက် ခြိမ်းခြောက်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်ဟု*‘ရာဇဝတ် လူဆိုးဂိုဏ်း လူသစ်စုဆောင်းမှု’ ကန်တက်ကီ ဥပဒေ (KRS 506.140)*က ဖော်ပြထားသည်။

၂၀၀၈ ခု *အောက်လွှတ်တော် ဥပဒေ 91၊ ၊ လိုက်နာကျင့်ကြံအပ်သော လူ့စည်းကမ်း ဥပဒေ’*က ကန်တက်ကီ ဥပဒေအချို့ကို စိစစ်တည်းဖြတ်ခဲ့ရာ အခြားကျောင်းသားများအား အနိုင်ကျင့် သို့မဟုတ် အနှောင့်အယှက်ပေးသည့် ကျောင်းသားများအား ကျောင်းတာဝန်ရှိသူများနှင့် ဥပဒေဘက်တော်သားများက အရေးယူမှုများကို ပိုမိုအားကောင်းစေခဲ့သည်။



## ကလေးများ ပါဝင်ပတ်သက်နေသည့် လိင်ပိုင်းဆိုင်ရာ ပြစ်မှုများအတွက် ကန်တက်ကီ ဥပဒေများ

ကန်တက်ကီ ဥပဒေ အများအပြားသည် စိစစ် တည်းဖြတ်ထားသည့် ကန်တက်ကီ နည်းဥပဒေ ၅၁၀.၀၄၀ ၊ ၅၁၀.၀၅၀ နှင့် ၅၁၀.၀၆၀ တို့ကိုပါဝင်စေပြီး ကန့်သတ်မထားရန် လိင်ပိုင်းဆိုင်ရာ ပြစ်မှုများကို အရေးယူသည်။ ဤဥပဒေများသည် အခြား ကမ္ဘာ့ နိုင်ငံပေါင်းများစွာနှင့် ကွာခြားပြီး အခြား ကမ္ဘာ့ နိုင်ငံပေါင်းများစွာတွင် ရှိတောင်မှ မရှိပေ။ ကန်တက်ကီ ဥပဒေအရ **အသက် ၁၆နှစ်ထက် ငယ်သော ကလေး တစ်ယောက်သည် လိင်မှုကိစ္စအတွက် သဘောတူ ခွင့်ပြုချက် မပေးနိုင်**ဟူသည့်အချက်ကို သတိပြု မှတ်သားရန် အလွန် အရေးကြီးပေသည်။

**ထို့ကြောင့် အသက် ၁၆နှစ်ထက် ငယ်သော မည်သူနှင့်မဆို လိင်ဆက်ဆံခြင်းသည် မည်သူ့အတွက်မဆို တရားဥပဒေနှင့် ဆန့်ကျင် သည်။**

*ဤဥပဒေများအပြင် အခြား ကန်တက်ကီ ဥပဒေများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အင်တာနက်တွက် အောက်ဖော်ပြပါ ဝက်ဘ်ဆိုက်ကို ဝင်ရောက် ကြည့်ရှုပါ။*

www.lrc.ky.gov

*သို့မဟုတ် ဤလက်ကမ်းစာစောင်တွင် ပါရှိသည့် မည်သည့် အေဂျင်စီကို မဆို ဆက်သွယ်ပါ။*

